# Windows ၊ ဒါမှမဟုတ် Office ရဲ့ product key ကို ရှာဖွေခြင်း

Software တွေကို တရားမဝင် ကူးယူတာ၊ ထည့်သွင်းတာမျိုး လုပ်လို့မရအောင် ကာကွယ်တဲ့ အလွယ်ဆုံးနည်းလမ်းတစ်ခုက အသုံးပြုသူကို product key ၊ ဒါမှမဟုတ် serial number ရိုက်ထည့်ဖို့ မေးတာဖြစ်ပါတယ်။ Software ကိုအသုံးပြုဖို့ ကိုယ်အရှည်အချင်းပြည့်မီ၊ မမီ ဆိုတာကိုသတ်မှတ်ဖို့ ကုမ္ပဏီအများစုက product key ကိုသုံးတဲ့အတွက် ဒါကို ဘယ်လိုရယူရမလဲဆိုတာ သိထားဖို့ အရေးကြီးပါတယ်။




အခမဲ့ download လုပ်နိုင်တဲ့ utility၊ Magical Jelly Bean Keyfinder နဲ့ဆိုရင် ကိုယ့်စက်ပေါ်မှာ လက်ရှိထည့်သွင်းထားတဲ့ software အတွက်လိုအပ်တဲ့ key ကို လွယ်ကူစွာ extract ပြုလုပ်နိုင်ပါတယ်

တကယ်လို့ ကိုယ်ဟာ retail copy အဖြစ် Windows ၊ ဒါမှမဟုတ် Office တစ်ခုဝယ်ယူခဲ့ရင် ဘူးရဲ့အတွင်းထဲ၊ ဒါမှမဟုတ် နောက်ကျောဘက်ပေါ်က sticker တစ်ခုကို ရှာကြည့်ပါ။ Key ဟာ ပုံမှန်အားဖြင့် အုပ်စု ၅ ခုခွဲထားတဲ့ အက္ခရာဂဏန်း ၂၅ လုံး ပါရှိပါတယ်။ ကိုယ့် computer က Windows တစ်ခါတည်းတင်ထားပြီးသားဆိုရင် key ဟာ အိမ်ခွံပေါ်ရှိ Microsoft-branded sticker တစ်ခုပေါ်မှာ ရှိနေမှာဖြစ်ပါတယ်။ Office အတွက်ဆိုရင် installation disc ရဲ့အပေါ်မှာ sticker ရှိနေပါတယ်။

Software ထည့်သွင်းထားပေမယ့် ကိုယ့်ရဲ့ product key ကို ရှာမတွေ့နိုင်ဘူးဆိုရင် Magical Jelly Bean Keyfinder (*find.pcworld.com/62357*) ကို စမ်းသုံးကြည့်ပါ။ သူက Windows နဲ့ ထည့်သွင်းထားတဲ့ program တွေအတွက် key တွေ ရှာပေးနိုင်ပါတယ်။ ဒီ utility ကို download လုပ်ထည့်သွင်းပြီးတဲ့အခါ Start menu ဖွင့်ပြီး keyfinder လို့ရိုက်ထည့်ကာ <Enter> ခေါက်ခေါ်ယူနိုင်ပါတယ်။ သူက ကိုယ်ထည့်သွင်းထားတဲ့ program တွေကို scan ပြုလုပ်ပြီး product key ကို ရှာပေးပါလိမ့်မယ်။ ရှာဖွေတွေ့ရှိတဲ့ Windows နဲ့ Office ထည့်သွင်းထားတဲ့ version ကို left pane ထဲမှာ Windows တစ်ခု ဖော်ပြထားပါတယ်။ ကိုယ့် Windows ရဲ့ version ပေါ်မှာ click နှိပ်ပါ။ ကိုယ် လိုအပ်တဲ့ key ဟာ ညာဘက်ခြမ်းရှိ 'CD Key' အောက်မှာ ဖော်ပြထားပါလိမ့်မယ်။ အဲဒါကို အတိအကျ မှတ်သားထားပါ။ (ကိုယ့်အတွက်မလိုအပ်တဲ့ 'Product ID' ဆိုတဲ့ entry နဲ့ ရောထွေးသွားတာမျိုးတော့ မဖြစ်ပါစေနဲ့။) Office အတွက်လည်း ဒီလိုပဲ လုပ်ကြည့်နိုင်ပါတယ်။

# **EASY HACK** : Write-protected drive တစ်လုံးကို access လုပ်ကြည့်ခြင်း

နှစ်အနည်းငယ် အသုံးပြုမခံထားတဲ့ USB hard drive အဟောင်းတစ်လုံးကို ရှာတွေ့တဲ့အခါ plug ထိုးကြည့်ပြီး အထဲမှာပါရှိတဲ့အရာတွေ လိုအပ်နေသေးသလဲဆိုတာ စစ်ဆေးကြည့်ပါတယ်။ မလိုအပ်တဲ့ file အဟောင်းတွေနဲ့ ပြည့်နေတာတွေ့လို့ အဲဒါတွေကို ဖျက်ပစ်ပြီး drive ကို တခြားကိစ္စသုံးဖို့ ထားလိုက်ဖို့ စဉ်းစားမိပါတယ်။

အဲဒီမှာ ပြဿနာတစ်ခု ရှိနေပါတယ်။ မလိုအပ်တဲ့ file တွေကို ဖျက်ကြည့်တဲ့အခါ Windows ဟာ the drive was write-protected ဆိုတဲ့ error message တစ်ခု ပြလာပါတယ်။ ဒါဟာ ဘာကြောင့်ဖြစ်ရတယ်ဆိုတာ မသိပေမယ့် အားလုံးကို ရှင်းထုတ်ပစ်နိုင်အောင် drive ကို format ပြုလုပ်ဖြေရှင်းကြည့်ပါတယ်။

မရပါဘူး။ တူညီတဲ့ error ပဲ ဖြစ်နေပါတယ်။ Windows ဟာ ဦးနှောက်ရှုပ်စေတဲ့၊ စိတ်အနှောင့်အယှက်ဖြစ်စေတဲ့ operating system ပါပဲ။ ဒီပြဿနာကို ပြင်ဆင်နိုင်ဖို့ အချိန်နည်းနည်းယူသုံးပြီး လေ့လာခဲ့ရပါတယ်။




Windows ရဲ့ DiskPart utility အသုံးပြုပြီး write access protected လုပ်ထားတဲ့ drive တစ်လုံးကို ပြင်ဆင်နိုင်ပါတယ်

❶ Start ကို click နှိပ်ပြီး အကွက်လေးထဲတွင် command လို့ ရိုက်ထည့်ကာ Command prompt တစ်ခု ဖွင့်ပါ။ Command Prompt ကို click နှိပ်ပါ။

❷ Diskpart လို့ ရိုက်ထည့်ပြီး <Enter> နှိပ်ပါ။

❸ List volume လို့ ရိုက်ထည့်ပြီး <Enter> နှိပ်ပါ။

❹ Select volume x လို့ ရိုက်ထည့်ပါ။ x ဆိုတာ 'write-protected' error ဖော်ပြလာတဲ့ drive ရဲ့ နံပါတ်ဖြစ်ပါတယ်။ ဒီဖြစ်ရပ်မှာ 'select volume 3' ဆိုပြီး အဆုံးသတ် ရိုက်ထည့်ပါတယ်။

❺ Attributes disk clear readonly လို့ ရိုက်ထည့်ပြီး <Enter> နှိပ်ပါ။

❻ Exit လို့ ရိုက်ထည့်ပြီး <Enter> နှိပ်ပါ။

ဒါပါပဲ။ အခုတော့ ပြဿနာဖြစ်စေတဲ့ drive ကို full write access ရယူနိုင်ပါလိမ့်မယ်။